ပိတောက်ငုတ်(ရွာကြီး)ကျေးရွာ

ပိတောက်ငုတ်ကျေးရွာအုပ်စု၊ နတ်မောက်မြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပိတောက်ငုတ်(ရွာကြီး)ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နတ်မောက်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

**စက်တင်ဘာလ၊ ၂၀၁၈**

## မာတိကာ

မာတိကာ

၁။ စကားချီး

၂။ တည်နေရာနှင့် ပထဝီအနေအထား

၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပိတောက်ငုတ်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်ရောက်တွင် လုပ်ငန်း တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး

ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်း လဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

စက်တင်ဘာလ ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပိတောက်ငုတ်(ရွာကြီး)ကျေးရွာ
နတ်မောက်မြို့နယ်

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

နတ်မောက်မြို့နယ်သည် မြောက်လတ္တီတွဒ် (၂၀) ဒီဂရီနှင့် (၇) မိနစ် မှ (၂၀)ဒီဂရီ (၁၇) မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် (၉၅)ဒီဂရီနှင့် (၁၀) မိနစ်မှ (၉၅)ဒီဂရီ (၄၅) မိနစ် အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၅၇၀)တွင်တည်ရှိပါသည်။ နတ်မောက်မြို့နယ်၏ အကျယ်အဝန်းမှာ (၈၉၁.၉)စတုရန်းမိုင် ရှိပြီး မြို့၏ အကျယ်အဝန်းမှာ (၅၇၀၆၂၅) ဧကရှိပါသည်။ နတ်မောက်မြို့နယ်၏ အရှေ့ဘက်တွင် မိတ္ထီလာမြို့နယ်၊ပျော်ဘွယ် မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်၊ တောင်ဘက်တွင် မြို့သစ်မြို့နယ်၊ မြောက်ဘက်တွင် ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ပါသည်။ နတ်မောက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း အတွင်း၌ တည်ရှိသောကြောင့် ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ပါသည်။ နွေရာသီ၌ အပူချိန် (၁၀၀)ဒီဂရီဖာရင်ဟိုက်နီးပါးရှိပြီး ဆောင်းရာသီတွင် (၆၅) ဒီဂရီမှ (၇၀)ဒီဂရီဖာရင်ဟိုက်အထိ ကျဆင်းလျှက် အပူအအေးလွန်ကဲသော ရာသီဥတုမျိုးဖြစ်ပါသည်။

နတ်မောက်မြို့နယ်၏ မြေမျက်နှာသွင်ပြင် အနေအထားမှာ တောင်မြောက် အနေအထားအရ (၃)ပိုင်း ပိုင်းခြား၍ မြို့နယ်၏ အရှေ့ဘက်ဒေသသည် တောတောင်ထူထပ်သည့်ကုန်းမြင့် ဒေသပိုင်းအထိ တည်ရှိပြီး၊ အလယ်ရိုးမတောင်တန်းနှင့် ဆက်နွယ်နေပြီးပုပ္ပါးတောင်မှ ဆင်းသက်လာသောတောင်တန်း အဖြစ်တွေ့ ရှိရပါသည်။ ယင်းတောင်တန်း၌ သစ်ကြီး၊ ဝါးကြီးများ တည်ရှိပေါက်ရောက်နေသောကြောင့် အစိုးရသစ်တော ကြိုးဝိုင်းအဖြစ် မိတ္ထီလာ သစ်တောကြိုးဝိုင်း၊ တောင်တွင်းကြီးမြို့နယ် သစ်တောကြိုးဝိုင်း ၊ ပျဉ်းမနား မြို့နယ် သစ်တောကြိုး ဝိုင်းများနှင့် တစ်ဆက်တည်း တည်ရှိပါသည်။ ထို့ကြောင့် အရှေ့ဘက်ခြမ်း မြေမျက်နှာ သွင်ပြင်အနေအထားကို ခြုံ၍ကြည့်လျှင် တောတောင်ထူတပ်၍ တောင်ကုန်းတောင်ကြောများ၊ ကုန်းမြင့် ဒေသများနှင့် ချိုင့်ဝှမ်းများ ပေါများတည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နတ်မောက်မြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှုမှ (၆.၂၈%) ရှိပါသည်။ နတ်မောက်မြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အတွက် ကြိုးဝိုင်းတော (၃၅၈၃၄.၁၉) ဧက ထိန်းသိမ်းလျှက်ရှိပါသည်။ နတ်မောက်မြို့နယ်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များမှာ ဂျီ၊ သမင်၊ ဖွတ်၊ ပုဒတ်၊ ငုံး၊ ခါ၊ ကျီး၊ စာကလေး၊ လင်းနို့၊ ဇရက်၊ ငှက်ခါး၊ စွန်၊ ဇီးကွက်၊ ကြက်တူရွေး၊ ဟသ်ာတို့ ရှိပါသည်။နတ်မောက်မြို့နယ်အတွင်းပေါက်ရောက်သည့် သဘာဝပေါက်ပင်များ မှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ထုံးပေါက်ပင်၊ ဖောင်းပလေး၊ ဇီးဖြူ၊ ဒဟတ်၊ လက်ပံ၊ ကုက္ကိုပင်များ ပေါက်ရောက်ပါသည်။

## ၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဝတ်အသင်းအဖွဲ့၊ လူမှုရေး ကဏ္ဍတွင် ပရဟိတအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာ သူ/သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး စီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ ကျေးရွာလူထုသည် ယေျဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု(၃၃၀)စု၏ (၁၂၉) စုခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၁၆၆) စုခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့နှင့် စိုက်ပျိုးမြေ (၁) ကေမှ (၂) ကေအတွင်း ပိုင်ဆိုင်သူများ၊ ကျပန်း အလုပ်သမား များဖြစ်ကြပါသည်။

အိမ်အခြေအနေမှာ (၃) ပင်အိမ်၊ ထရံကာ၊ သွပ်မိုးအိမ် အမျိုးအစား ဖြစ်ပါ သည်။

ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ (၅) ဧကနှင့် (၁၂) ဧကအတွင်း ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများနှင့် ဝန်ထမ်းများသော မိသားစုများဖြစ်ကြပါ သည်။ အိမ်အခြေအနေမှာ RC တိုက်၊ ၄ ပင်တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာဖြစ်ပြီး ဖောကား၊ ကုန်ကား၊ထော်လာဂျီ၊ထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် ကျေးရွာတွင်အိမ်ထောင်စု ၈၃ စုခန့်သည် ကိုယ်ပိုင်အဝီစိရေ တွင်းများဖြင့် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ကြသည်။ အများစုမှာ ရွာ၏ အနောက်ဘက်ရှိ ရေကန်မှ သုံးစွဲကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက်လိုအပ်သော ချေးငွေကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့်ငွေထုတ်ချေးပါသည်။ တောင်သူ လယ်သမားများ သာမကဘဲ အခြားအသေးစားစီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ အရောင်းအဝယ်) အတိုးနည်းချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့်ဘွဲ့ရသူများလည်းရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ အသင့်တင့်ကောင်းမွန်ပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။

အမျိုးသမီးများအတွက်ကျန်းမာရေး အတွက် (၁၀)မိုင်ခန့်သာဝေးသော နတ်မောက်မြို့သို့ သွားရောက်ကုသကြပါသည်။သို့သော် မိုးတွင်းကာလများတွင် လမ်းပမ်းဆက်သွယ်ရေး မကောင်းသော ကြောင့် သွားလာရန်အဆင်မပြေပါ။ ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ် ဆေးတိုက်ကျွေးသော အစီအစဉ်များကိုကျန်းမာရေးဌာနမှနစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှယာမြေများသည်နှစ်စဉ်သီးထပ်စိုက်ပျိုးခြင်း၊ဓါတုဗေဒကွန်ပေါင်းမြေသြဇာများအသုံး ပြုခြင်း၊သဘာဝသစ်ဆွေးမြေသြဇာများနှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့်မြေဆီလွှာပျက်ယွင်းမှုများနှ င့်ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့် မတ်ပဲ၊ပဲဒီစိမ်းစိုက်ခင်း များတွင်ပိုး သတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင် ကိုထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင်ဓါတ်ကြွင်းအန္တရာယ်လျော့ပါး ရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များ ကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်း တွေ့ရှိရပါသည်။

**(ဇ)ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင် လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ အမျိုးသား များသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း) အမျိုးသမီးများ သည်အမျိုးသား နှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်း ကျောင်းပညာရေး မှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၁၀ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄၇ | ၄၄ | ၉၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၈ | ၆၅ | ၁၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၉ | ၇၁ | ၁၄၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၄၃ | ၄၆၀ | ၉၀၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၂ | ၃၅ | ၆၇ |
| **စုစုပေါင်း** | | **၆၆၂** | **၆၈၅** | **၁၃၄၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၃၀** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ငုတ်ကျေးရွာတွင် အိမ်ထောင်စု(၃၃၀)ရှိပြီး လူဦးရေ ကျား၊မ ပေါင်း (၁၃၄၇)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သူ လူဦးရေများကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | | သင့် | အနည်းအကျဉ်း | မိုးရေ |
| ယာမြေ | | သင့် | အနည်းအကျဉ်း | မိုးရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | ညံ့ | အနည်းအကျဉ်း | မိုးရေ |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | ညံ့ | အနည်းအကျဉ်း | မိုးရေ |
| **စုစုပေါင်း** | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ ပိတောက်ငုတ်ကျေးရွာတွင်ရှိသော လယ်၊ယာမြေများမှာ မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းရေများကို အသုံးမပြုပါ။ မိုးရွာမှသာလျှင် စိုက်ပျိုး၍ ရသော လယ်၊ယာမြေ များသာဖြစ်ပါသည်။

## (၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ကျောက်(ခက်)၊သဲ(လွယ်) |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | - |
| ပျမ်းမျှအပူချိန် - | ပျမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ အခြားသဘာဝ အရင်းအမြစ်များ မရှိပါ။ ကျောက်နှင့်သဲ အနည်းငယ် ရရှိနိုင်ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | အုပ်ချုပ်ရေးအဖွဲ့ဝင်(၃၀)ဦးရှိပြီး စွမ်းဆောင်ရည်ကောင်းပါသည် |
| ၂ | ဝတ်အသင်း | ၁☐ ၂☐ ၃√ | ပညာရေး ☐ ငွေကြေး ☐ | အဖွဲ့ဝင်(၃၀)ရှိပြီးစွမ်းဆောင်ရ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ည်<br>ကောင်းပါသည် |
| ၃ | ကျောင်းကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၁၅)ရှိပြီးစွမ်းဆောင်ရည်<br>ကောင်းပါသည် |
| ၄ | ရေကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၁၂)ရှိပြီးစွမ်းဆောင်ရည်<br>ကောင်းပါသည် |
| ၅ | မီးသတ်အဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | အဖွဲ့ဝင်(၈)ရှိပြီးစွမ်းဆောင်ရည်သင့်ပါသည် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ လူမှုရေးအဖွဲ့(၄)ဖွဲ့ရှိပြီး ဘာသာရေးနှင့် ယဉ်ကျေးမှု အဖွဲ့ (၁)ဖွဲ့ ရှိပါသည်။အဖွဲ့အစည်းအားလုံးစွမ်းဆောင်ရည်သင့်ပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥတ္တုဓနအဆင့် အခြေအနေ

ဇယား (၅) ဥတ္တုဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၅)ဧက | (၆)ဧက | (၃)ဧက | |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး | ဝါးထရံကာ၊ သွပ်မိုး၊ပျဉ် | ဝါးထရံကာ၊ သွပ်မိုး | ဝါးထရံကာ၊ သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ကား | နွားစာစဉ်းစက် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| **အိမ်ထောင်စု** | ၃၈စု | ၁၂၈စု | ၁၂၃စု | ၆စု |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ မပြေလည်သော အိမ်ထောင်စု(၆)စု ရှိပြီး တောင်သူအငှါးနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။စားဝတ်နေရေး အနည်းငယ်အခက်အခဲရှိပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

## (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၁ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၁၂၃ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၈ | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၁၂၈ | | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၁၀ | | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၃၂၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ မြေယာမဲ့ (၄၁) အိမ်ထောင်စု ရှိပြီး အဆိုပါ လူတန်းစားများမှာ မြေယာမဲ့များဖြစ်သော်လည်း စီးပွါးရေး အတင့်အသင့် အဆင်ပြေသူများ ဖြစ်ကြသည်။ အခြားအိမ်ထောင်စုများမှာ မြေဧက များစွာပိုင်ဆိုင်သော်လည်း လုပ်သားရှားပါးခြင်း၊အလုပ်သမားငှါးရမ်းခ ဈေးကြီး ခြင်း၊ရာသီဥတု မမှန်ခြင်းများကြောင့် စီးပွါးရေးအဆင်မပြေမှုများ ရှိပါသည်။

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| နှမ်း | | တင်း | ၂ | ၇ | ၃.၅ | သင့် |
| မြေပဲ | | တင်း | ၁၂ | ၂၀ | ၁၅ | သင့် |
| ပဲတီစိမ်း | | တင်း | ၁၅၀ | ၅၀၀ | ၂၅၀ | သင့် |
| ပဲစဉ်းငုံ | | တင်း | ၂ | ၅ | ၃ | သင့် (သီးညှပ်စိုက်) |
| ခရမ်းချဉ် | | ပိဿာ | ၂ | ၅ | ၃ | သင့် |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ **ရာသီအလိုက်**သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းအတင့်အသင့် ကောင်းမွန်ပြီး အလုပ်သမားခ ဈေးကြီးခြင်းကြောင့် အကျိုးအမြတ် အနည်းငယ်သာ ရရှိပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၉၁ | ၈၁၉ |
| ဆိတ် | ၄ | ၄၅ |
| ဝက် | ၂၃၆ | ၂၄၃ |
| ကြက် | ၃၁၀ | ၁၉၂၅ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ နွား၊ဆိတ်၊ဝက်၊ကြက်များသာ မွေးမြူကြပြီး အခြားတိရစ္ဆာန်များ မွေးမြူခြင်းမရှိပါ။ ကြက်မွေးမြူရေးလုပ်ငန်းတွင် CP ကြက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ(၅)ဦးရှိပြီး အိမ်ကြက်မှာ တစ်ရွာလုံးနီးပါး တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၅ | ၁၅၀ | ၂၀ | နိမ့် |
| ၂ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၂ | ၂ | နိမ့် |
| ၃ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁၀ | - | ၂၀ | လတ် |
| ၄ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၅ | ၅ | ၅ | လတ် |
| ၅ | ပညာရေး | - | | | |

| | | | | | |
|---|---|---|---|---|---|
| ၆ | ကျန်းမာရေး | - | | | |
| ၇ | လူမှုရေး လုပ်ငန်းများ | - | | | |
| ၈ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားစီးပွါးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အတင့်အသင့် လုပ်ကိုင်ကြပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး**<br>(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | နတ်မောက် | မကွေး |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင်<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် √<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် √ ၃၀မှ ၅၀ မိုင်<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √<br>ကား/ထော်လာဂျီ √ ရထား ☐<br>သုံးဘီးဆိုင်ကယ် √ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်√<br>ကား/ထော်လာဂျီ √ ရထား ☐<br>သုံးဘီးဆိုင်ကယ် √ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဈေးသို့ ကား၊ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်များဖြင့် သွားလာကြသော်လည်း ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားလာရန်ခက်ခဲပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် √ ညံ့ | ပွင့်လင်း ရာသီ တစ်နှစ်ပတ်လုံး√ | ၀–၁ မိုင် √ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ √တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅မိုင် √ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ √တစ်နှစ်ပတ်လုံး ☐ | ၀–၁မိုင် ၁–၅ မိုင် √ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

**လေ့လာတွေ့ရှိချက်။** ။ရွာတွင်းလမ်းတွင် အဓိကလမ်းမကြီးများမှာ ပေ(၂၀၀၀)ခန့်ရှိပြီး ကျောက်ကြမ်းလမ်းများ ဖြစ်၍ သွားလာရန်အခက်အခဲမရှိပါ။ရွာချင်းဆက်လမ်းမှာ (၁)မိုင်ကျော်ရှိပြီး မြေသားလမ်းဖြစ်၍ တစ်နှစ်ပတ်လုံး သုံး၍ မရပါ။

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| | အသုံးမပြုပါ √ | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ငုတ်ကျေးရွာတွင် ရေကြောင်းလမ်းမရှိပါ။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၆၅ | ၁၉၆ | ၁၆ | | ၇ | | ၂၁၀ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ငုတ်ကျေးရွာတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ စက်ဘီး၆၅စီး၊ မော်တော်ဆိုင်ကယ် ၁၉၆ စီး၊ကား ၇ စီး၊နွားလှည်း ၂၁၀ စီးရှိပါသည်။သယ်ယူပို့

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၂၀၆ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁၅ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပိတောက်ငုတ်ကျေးရွာတွင် မီးလင်းရေးအား ဆိုလာစနစ်ဖြင့် အသုံးပြုသူ ဦးရေများပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၄၃၉ | ၁၃၁ | ၉၀ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ငုတ်ကျေးရွာတွင် လက်ကိုင်ဖုန်းအရေအတွက် ၁၉၁ လုံး၊ရေဒီယို ၆၆ လုံး၊တီဗွီ ၁၃ လုံးရှိပါသည်။

## (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၇၃ | ၆၇ | ၁၄၀ |
| အလယ်တန်း | ၆၂ | ၅၂ | ၁၁၄ |
| အထက်တန်း | ၂၈ | ၂၇ | ၅၅ |
| တက္ကသိုလ်/ကောလိပ် | ၂၄ | ၂၀ | ၄၄ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ငုတ်ကျေးရွာတွင် မူလတန်း ကျား ၇၃ ဦး၊မ ၆၇ ဦး ပေါင်း ၁၄၀ဦး၊ အလယ်တန်း ကျား ၆၂ ဦး၊မ ၅၂ ဦး ပေါင်း ၁၁၄ဦး၊ အထက်တန်း ကျား ၂၈ ဦး၊မ ၂၇ ဦး ပေါင်း ၅၅ ဦး၊ တက္ကသိုလ်တက်နေသူ ကျား ၂၄ ဦး၊မ ၂၀ ဦး စုစုပေါင်း ၄၄ဦး ရှိပါသည်။ပညာရေး အခြေအနေကောင်းပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း √<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း √ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း √ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂ဝ မိုင် ☐<br>၂ဝ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင်<br>၁၅ မိုင် မှ ၂ဝ မိုင် √<br>၂ဝ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂ဝ မိုင် ☐<br>၂ဝ မိုင် အထက် √ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင်<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား √ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား √ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | မူလတန်း ၉ဝ'x ၃ဝ'<br>မူလွန် ၇ဝ'x ၂၅' | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း√ သင့်√ ညံ့ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်<br>မလုံလောက်ပါ √ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း √ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ √ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဉ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | **၁** | ၉ | ၁ဝ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ ကျောင်းအဆောက်အဦ လုံလောက်မှုမရှိ၍ ကျောင်းသားများစာသင်ကြားရာတွင် အခက်အခဲရှိပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်√ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်√ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်√ မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့် မရှိ√ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့် မရှိ √ |
| ၆ | တီဘီ | မြင့်☐ နိမ့်√ မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ နိမ့်√ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်√ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်√ မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်√ မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ√ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရောဂါဖြစ်ပွါးမှု ဆိုးရွားစွာမရှိပါ။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | |
| ၃ | ပိုလီယိုရောဂါ | √ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | |
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | √ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကာကွယ်ဆေးထိုးမှုများ တစ်နှစ်တစ်ခါရှိပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင်<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ √ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင်<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် √ | ရှိ √<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။အခန်းလုံလောက်မှု မရှိပါ။

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၂ | ကောင်း သင့်√ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၈၃ | ကောင်း√ သင့်☐ ညံ့☐ | တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။ |
| မိုးရေ သိုလှောင်ကန် | ၆၇ | ကောင်း√ သင့်☐ ညံ့☐ | တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။ |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | ၂၃၀ | ကောင်း√ သင့်☐ ညံ့☐ | မိုး၊ဆောင်း |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ အဝီစိတွင်းစက်တပ်(၈၃)တွင်းရှိပါသည်။ပုဂ္ဂလိက တွင်းများဖြစ်ပါသည်။ ကန်ရေအား အဓိကထား သောက်သုံးကြပါသည်။ရေကန်မှာလည်း နွေရာသီတွင် မလုံလောက်ပါ။

## (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၈၆ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စုနီးပါး ယင်လုံအိမ်သာအသုံးပြုနိုင်ကြ၍ သန့်ရှင်းပြီး ကျန်းမာရေး ထိခိုက်မှုမရှိပါ။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိ |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | စိုက်ပျိုးရေ၊တိရိစ္ဆာန်ရေ မရပါ။ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေးဖြစ်လျှင် ဆေးရုံသို့ အချိန်မီ မရောက်ရှိနိုင်ပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိုးခေါင်ခြင်းကြောင့် ရေကန်တွင် ရေလုံလောက်စွာ မရရှိ၍ စိုက်ပျိုးရေ၊ တိရိစ္ဆာန်ရေ လုံလောက်မှုမရှိပါ။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေဆီမှာ ယခင်ကလောက်အသုံးမပြုနိုင်ပါ။ |
| အပင်မျိုးစိတ်များ | နိမ့် | ယခင်တိုင်း ရရှိပါသည်။ |
| ရေအရင်းအမြစ် | လတ် | ယခင်ထက်ရေရရှိမှု အဆင်ပြေပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မြေဆီ၊မြေဩဇာ အသုံးပြုနိုင်မှု နည်းပါးလာပါသည်။

**(၁၀ ) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ | မရှိ √ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ √ | မရှိ √ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အမျိုးသမီးပူးပေါင်းပါဝင်မှု အားနည်းပါသည်။

**နောက်ဆက်တွဲ (၁)**

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ပညာရေး | စာသင်ကျောင်းဆောက်တည်ဆောက်ခြင်းလုပ်ငန်း | ၁ |
| ၂ | ရေပေးရေး | မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်း | ၂ |
| ၃ | မီးလင်းရေး | လျှပ်စစ်မီးလင်းရေးလုပ်ငန်း | ၃ |
| ၄ | လမ်းပမ်းဆက်သွယ်ရေး | ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း | ၄ |
| ၅ | ပညာရေး | စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | ၅ |
| ၆ | ပညာရေး | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | ၆ |

**နောက်ဆက်တွဲ (၂)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့်ပိုင် ဆိုင်နေသည့် အရင်းအနှီးများ အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့်ဖွံ့ဖြိုး ရေးလုပ်ငန်း** |
|---|---|---|---|---|---|
| **ကဏ္ဍ - ပညာရေး** | | | | | |
| စာသင်ကျောင်းဆောင် လိုအပ်ခြင်း | စာသင်ကျောင်းဆောင် မလုံလောက်ခြင်း | မြေနေရာရှိပြီး | လုံလောက်သောငွေကြေး မရှိခြင်း | မရှိပါ | စာသင်ကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်း |
| **ကဏ္ဍ - ရေပေးရေး** | | | | | |
| မြေသားရေကန် မကောင်းခြင်း | တစ်နှစ်ပတ်လုံး ရေလုံလောက်စွာမသုံးစွဲ နိုင်ခြင်း | လုပ်အား | လုံလောက်သောငွေကြေး မရှိခြင်း | မရှိပါ | မြေသားရေကန် ပြုပြင်ခြင်း လုပ်ငန်း |
| **ကဏ္ဍ - မီးလင်းရေး** | | | | | |
| လျှပ်စစ်မီးလင်းရေး မရှိခြင်း | | လုပ်အား၊ငွေကြေးအသင့်အတင့် | လုံလောက်သောငွေကြေး မရှိခြင်း | လျှပ်စစ်ရုံးသို့တင်ပြထား ပါသည် | လျှပ်စစ်မီးလင်း ရေးလုပ်ငန်း |

| | | | | | |
|---|---|---|---|---|---|
| **ကဏ္ဍ- လမ်းပမ်းဆက်သွယ်ရေး** | | | | | |
| လမ်းမကောင်းခြင်း | မိုးတွင်းတွင်ဗွက်ထူခြင်း | လုပ်အား | လုံလောက်သောငွေကြေးမရှိခြင်း | ကိုယ်ထူကိုယ်ထ ကျောက်ကြမ်းလမ်းခင်းထားပါသည်။ | ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း |
| **ကဏ္ဍ-ပညာရေး** | | | | | |
| စာကြည့်တိုက်မရှိခြင်း | အသိပညာဗဟုသုတနည်းပါးခြင်း | မြေနေရာရှိပြီး | လုံလောက်သောငွေကြေးမရှိခြင်း | ကိုယ်ထူကိုယ်ထ တည်ဆောက်နိုင်ရေး ရန်ပုံငွေလုံလောက်အောင်စုဆောင်းမည် | |
| **ကဏ္ဍ-ပညာရေး** | | | | | |
| ကျောင်းခြံစည်းရိုးမလုံလောက်ခြင်း | တိရိစ္ဆာန်များဝင်ရောက်ခြင်း၊ ကျောင်းသားများအတွက်လုံခြုံမှုမရှိခြင်း | လုပ်အား၊ငွေကြေး အနည်းငယ်ထည့်ဝင်ခြင်း | လုံလောက်သောငွေကြေးမရှိခြင်း | ပညာရေးဌာနသို့တင်ပြထားပါသည်။ | |